# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 20, 2020 Volume 29, Number 13


၂၀.၃.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၈၈ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၅၉၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၂၆/- ကျပ် |
| CBM Rate | = ၁၄၂၈.၃ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၉.၁ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၈.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၉၃.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၉.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၄၆.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၂.၁၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၀၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၉၄၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြောင်းစေ့တန်ချိန်တစ်သန်း ပြည်တွင်း၌အသုံးပြုနိုင်ရန်ညှိနှိုင်း

ပြောင်းစေ့တန်ချိန်တစ်သန်းကို ပြည်တွင်း၌အသုံးပြုနိုင်ရန်အတွက် ညှိနှိုင်းနေကြောင်းသိရသည်။ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းနှင့် တိရစ္ဆာန်အစာစပ်စက်ရုံတို့က ပြောင်းစေ့များကို ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ညှိနှိုင်းနေခြင်းဖြစ်ပြီး ပြည်တွင်းရောင်းချပြီး ပိုလျှံသည့်ပြောင်းစေ့များကိုသာ ပြည်ပသို့တင်ပို့ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်း စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။ "လက်ရှိတော့ အစာစပ်စက်ရုံပိုင်ရှင်တွေနဲ့ ညှိနှိုင်းနေဆဲပါ။ တစ်ပတ်တစ်ခါရောင်းချမယ့် ပြောင်းစေ့တန်ချိန် ပမာဏကို ညှိနှိုင်းနေဆဲပါ။ သူတို့လိုချင်တာက တစ်နှစ်စာအတွက် တန်ချိန်တစ်သန်းပါ။ ပြောင်းစေ့ကို ပြည်တွင်းမှာပဲရောင်းရောင်း၊ ပြည်ပမှာပဲရောင်းရောင်း တောင်သူတွေရရှိတဲ့အကျိုးအမြတ်က အတူတူပါပဲ"ဟု ဦးမင်းခိုင်ကပြောသည်။

လက်ရှိတွင် တောင်သူများရရှိသည့် ပြောင်းစေ့တန်ဖိုးမှာ တစ်ပိဿာလျှင် ၃၇၅ ကျပ်မှ ၃၈၀ အထိရှိပြီး ဘုရင့်နောင်ကုန်စည်ဒိုင်၌ ပြောင်းစေ့တစ်ပိဿာလျှင် ၄၆၀ မှ ၄၇၅ ကျပ်အထိ ပေါက်ဈေးရှိနေသည်။ "မြန်မာနိုင်ငံက ပြောင်းကို ပြည်ပသို့တင်ပို့ရောင်းချရာမှာ ပို့ဆောင်ရတာ အခက်အခဲဖြစ်နေပါတယ်။ သယ်ယူပို့ဆောင်စရိတ်က မြင့်တက်နေပါတယ်။ ကျွန်တော်တို့ အစာစပ်စက်ရုံတွေကလည်း ပြောင်းကိုလိုချင်နေတယ်။ အဲဒါကြောင့် ညှိနှိုင်းပြီး စာချုပ်နဲ့ရောင်းဝယ်ဖို့စီစဉ်နေတာပါ။ တစ်ပတ်ကို တန်ချိန် ၁၀၀၀ တောင်သူတွေဆီကဝယ်ပြီး အစာစပ်စက်ရုံတွေမှာပြန်သုံးဖို့ပါ"ဟု မြန်မာနိုင်ငံ ငါးပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာသက်မှူးက ပြောသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပြောင်းတန်ချိန် သုံးသန်းကျော်ထွက်ရှိပြီး ပြီးခဲ့သည့်နှစ်က ပြည်တွင်း၌ အသုံးပြုခဲ့သည့် ပြောင်းတန်ချိန်မှာ တစ်သန်းခွဲရှိကြောင်း ဦးမင်းခိုင်ကပြောသည်။ ပိုလျှံသည့် ပြောင်းစေ့တန်ချိန် ၁ ဒသမ ၂ သန်းကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန် ရည်မှန်းထားပြီး ယခုနှစ်အတွင်း ပြည်ပသို့ တန်ချိန် စုစုပေါင်း ၁ ဒသမ ၅ သန်းတင်ပို့ ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း ၎င်းကပြောသည်။ ပြောင်းစေ့တန်ချိန် ၃၀ ဝန်းကျင် သယ်ဆောင်ထားသည့် ကားစီးရေ ၃၀၀ ခန့်ဖြင့် မြဝတီနယ်စပ်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ နေ့စဉ်တင်ပို့ရောင်းချနေကြောင်း ဦးမင်းခိုင်က ပြောသည်။ လက်ရှိတွင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ ပြောင်းစေ့တင်သွင်းမှုကို တစ်နှစ်လျှင် ခုနစ်လ အခွန်ကင်းလွတ်ခွင့်ပြုပြီး ကျန်ငါးလတွင် ပြောင်းတင်သွင်းမှုအပေါ် အခွန် ၇၃ ရာခိုင်နှုန်းကောက်ခံကြောင်း၊ တစ်နှစ်လျှင် တင်သွင်း ရမည့် ပြောင်းစေ့တန်ချိန် တန် ၃၀၀၀ အထိသာ သတ်မှတ်ထားကြောင်း ဒေါက်တာသက်မှူးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/137075.html


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၉
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရန်ကုန်ဆိပ်ကမ်းသို့ ပြည်ပမှကုန်သေတ္တာတင်သင်္ဘောများ ပုံမှန်ဆိုက်ကပ်နေဟုဆို

အစိုးရကိုင်တွယ်နေသည့် ရန်ကုန်ဆိပ်ကမ်းများသို့ ပြည်ပမှကုန်သေတ္တာတင်သင်္ဘောများ ပုံမှန်ဝင်ရောက် ဆိုက်ကပ်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှသိရသည်။ "လက်ရှိသင်္ဘောတွေပုံမှန်အတိုင်း ဝင်ရောက်နေတယ်။ ကုန်တင်ကုန်ချလုပ်ငန်းတွေ ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိတယ်ပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဗိုလ်ကြီးဇော်ထွန်းလွင်က မြန်မာတိုင်းမ်သို့ ပြောသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီအထိ ရန်ကုန်ဆိပ်ကမ်းများသို့ ကုန်သေတ္တာသင်္ဘော ၁၆၅ စင်းသာ ဝင်ရောက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီအထိ ကုန်သေတ္တာသင်္ဘော ၁၇၂ စင်းဝင် ရောက်နိုင်ခဲ့သည်ဟု ၎င်းက ပြောသည်။ နိုင်ငံတကာကုန်တင်သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်ရာတွင် နိုင်ငံတကာရေကြောင်း ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ရေကြောင်းကျန်းမာရေးဖောင်(ပုံစံ)အား ၇၂ နာရီ ကြိုတင်ဖြည့်ပြီးမှသာ ဝင်ရောက် ခွင့်ပြုကြောင်း သိရသည်။ "သင်္ဘောတစ်စင်းက ရန်ကုန်ဆိပ်ကမ်းကိုကပ်မယ်ဆိုရင် နိုင်ငံတကာရေကြောင်းကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ ရေကြောင်းကျန်းမာရေးဖောင်(ပုံစံ)ကို သင်္ဘောမရောက်မီ ၇၂ နာရီကြိုပြီး အီးမေးလ်နဲ့ပို့ရတယ်။ ပို့လိုက်တဲ့ဖောင်ကို သူတို့ဘက်ကဖြည့်ရတယ်။ ဖြည့်ပြီးတာနဲ့ဒီကို ပြန်ပို့ပေးရတယ်။ သင်္ဘောသားက ဖျားနေတယ်ဆိုရင် သင်္ဘောမဝင်ရသေးဘူး။ ခဏရပ်ခိုင်းထားသေးတယ်။ သင်္ဘောပေါ်ကို ကျန်းမာရေးအဖွဲ့တွေစစ်ဆေးပြီး ခွင့်ပြုချက်ရမှ သင်္ဘောက ကုန်တင်ကုန်ချ လုပ်ရတာ"ဟု ၎င်းကပြောသည်။ ရန်ကုန်ဆိပ်ကမ်းသို့ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်စသည့် နိုင်ငံများမှ ကုန်တင်သင်္ဘောများဝင်ရောက်လျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/137106.html

## နိုင်ငံခြားသားများ စတော့ဝယ်ယူခွင့်ရာခိုင်နှုန်း ရောင်းမည့်ကုမ္ပဏီ၏ဆန္ဒအတိုင်း ခွင့်ပြုမည်

စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများ အစုရှယ်ယာ ရောင်းဝယ်နိုင်သည့်ရာခိုင်နှုန်းကို စာရင်းဝင်ကုမ္ပဏီတစ်ခုချင်းစီ၏ ဆန္ဒအလျောက် လုပ်ဆောင်နိုင်ရန်ခွင့်ပြုသွားမည်ဟု စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်တို့၏ တာဝန်ရှိသူအရာရှိများကပြောသည်။ နိုင်ငံခြားသားများ အစုရှယ်ယာ ရာခိုင်နှုန်းဝယ်ယူမှုနှင့်ဆက်စပ်၍ မတ် ၁၃ ရက်က ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့ကပြောခဲ့ခြင်းဖြစ်သည်။ "စာရင်းဝင်ကုမ္ပဏီက သူတို့ရဲ့ရှယ်ယာတွေကို ဘယ်လောက်ရာခိုင်နှုန်းအထိ နိုင်ငံခြားသားကို ရောင်းမယ်ဆိုတာ သူတို့က ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ သူတို့ သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းကို ပြည့်တာနဲ့တစ်ပြိုင်နက် အချိန်နဲ့တစ်ပြေးညီ အရောင်းအဝယ်လုပ်မှုကို ပိတ်လိုက်မှာဖြစ်ပါတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်း၏ အကြီးတန်းအလုပ်အမှုဆောင်မန်နေဂျာ ဦးသက်ထွန်းဦးကပြောသည်။

စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ ဝယ်ယူရန်အတွက် ပြည်တွင်းနေ နိုင်ငံခြားသားများသည် မြန်မာကျပ်ငွေ စာရင်းရှင်ငွေစာရင်းတစ်ခုတည်းကိုသာ ဖွင့်လှစ်ရန်လိုပြီး ပြည်ပနေနိုင်ငံခြားသားများက မြန်မာကျပ်ငွေစာရင်းရှင် ငွေစာရင်းနှင့် နိုင်ငံခြားငွေ စာရင်းရှင်ငွေစာရင်းနှစ်မျိုးစလုံးကို ဖွင့်လှစ်ရန်လိုအပ်မည်ဖြစ်သည်။ နိုင်ငံခြားသားများအနေဖြင့် အစုရှယ်ယာ ဝယ်ယူရန် ပထမဆုံးအဆင့်အဖြစ် ငွေစာရင်းဖွင့်လှစ်သူနှင့် ငွေစာရင်းဖွင့်လှစ်မည့် အဖွဲ့အစည်းများ၏ အကြောင်းအရာကို သိရှိရန် ဘဏ်လုပ်ငန်းများ၏ စစ်ဆေးမှုကိုခံယူရမည်ဖြစ်သည်။ ထိုအဆင့်ကို အောင်မြင်ပြီးမှသာ ငွေစာရင်းဖွင့်လှစ်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ငွေစာရင်းဖွင့်လှစ်ခြင်းအဆင့်ပြီးဆုံးမှသာ နှစ်သက်ရာ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းများထံတွင် ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်မှုပြုလုပ်နိုင်မည်ဖြစ်သည်။ စိစစ်မှုများတွင် ငွေကြေးခဝါချမှုနှင့် တရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို တားဆီးနိုင်ရန် မြန်မာနိုင်ငံငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ကြီးကြပ်မှုကို ခံယူရမည့်အဆင့်လည်းပါဝင်သည်။ ယင်းအပြင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုအားတားဆီးနှိမ်နင်းခြင်း နည်းဥပဒေများ၊ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ရေးဥပဒေများပါ နည်းလမ်းများအတိုင်း လုပ်ဆောင်ရန်အဆင့်များကို ကျော်ဖြတ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်တစ်ရပ် ပေါ်ပေါက်လာရန် စတော့အိတ်ချိန်းကို၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ မတ် ၂၅ ရက်တွင် စာရင်းဝင်ကုမ္ပဏီ ၄ါးခုအထိ ဖြစ်လာခဲ့ပြီး အစုရှယ်ယာရောင်းဝယ်မှုများ အတန်အသင့် ဖြစ်ပေါ်ခဲ့သည်။ သို့သော် အောင်မြင်သည့် အရင်းအနှီးဈေးကွက်တစ်ရပ် ဖြစ်ပေါ်လာခြင်းမရှိသေးပေ။ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများဖြင့်သာမဖြစ်နိုင်ဘဲ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ ပါဝင်ရောင်းဝယ်နိုင်ရေး မျှော်လင့်ခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/137049.html

## COVID-19 ကြောင့် စားအုန်းဆီ ဝယ်ယူသိုလှောင်မှု များနေ၍ ဆီကုန်သည်အသင်း စတင်ကိုင်တွယ်

မြန်မာနိုင်ငံက စားအုန်းဆီ အဓိကဝယ်ယူတင်သွင်းနေသော အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ် ဖြစ်ပွားနေချိန်တွင် ပြည်တွင်း၌ ဆီသိုလှောင်ရန် တန်ချိန်ပမာဏများစွာ ဝယ်ယူစုဆောင်းနေကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူကပြောသည်။ မြန်မာနိုင်ငံဈေးကွက်၏ တစ်ရက် စားအုန်းဆီဝယ်လိုအားသည် တန်ချိန် ၁,၅၀၀ မှ ၂,၀၀၀ ကြားရှိသော်လည်း ပြီးခဲ့သည့် မတ်လ ၁၇ ရက်ကစ၍ တစ်ရက်ဝယ်လိုအား တန်ချိန် ၄,၅၀၀ မှ ၅,၀၀၀ အကြားအထိမြင့်တက်လာသည်။ “ဝယ်တဲ့သူတွေကလည်း ကျွန်တော်တို့ မမြင်ဖူးတဲ့ မျက်နှာ စိမ်းတွေပါလာတယ်”ဟု ဦးမြင့်ကြူကပြောသည်။

မြန်မာနိုင်ငံ၏ အဓိက စား အုန်းဆီတင်သွင်းနေရသော အင် ဒိုနီးရှားနှင့် မလေးရှားတွင် COVID-19 ဗိုင်းရပ်စ်ကြောင့် ဆီပြတ် လပ်နိုင်သည်ကို တွက်၍ ဝယ်ယူ သိုလှောင်ခြင်းမျိုးဖြစ်ပြီး အမှန် တကယ်လိုအပ်သူများ မရရှိမည် ကို စိုးရိမ်ကြောင်း ၎င်းကပြော သည်။ ထို့ကြောင့် စားအုန်းဆီတင် သွင်းသူများ၊ ဆီကုန်သည်များက မတ်လ ၁၈ ရက်တွင် အစည်းအ ဝေးပြုလုပ်၍ ဝယ်နေကျ ဆီကုန်သည်များကိုသာ ရောင်းချမည့်အစီအစဉ်ကိုစတင်ကြောင်း ဦးမြင့်ကြူကဆိုသည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးကွက်တွင်စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၁၀၀ မှ ၂၀၀ ကြား ဈေးမြင့် တက်လာသည်။ လက်ရှိ ပြည်တွင်းစားအုန်းဆီသည် လက်ကားဈေးတွင် တစ်ပိဿာ ၁,၈၀၀ ကျပ် ဈေးဖွင့်ရောင်းချသည်။

မြန်မာနိုင်ငံတွင် တစ်လလျှင် စားအုန်းဆီတန်ချိန် ၆၇,၀၀၀ ခန့် တင်သွင်းနေသည်။ လက်ရှိ မတ်လတွင် စားအုန်းဆီ တန်ချိန် ၄၀,၀၀၀ ကျော် တင်သွင်းထားပြီး နောက်ထပ် တန်ချိန် ၄၀,၀၀၀ ကျော် ထပ်မံတင်သွင်းရန် အဆင်သင့်ဖြစ်နေကြောင်း ၎င်းကဆိုသည်။ မတ်လ ၂၀ ရက်မှ သင်္ကြန်မတိုင်မီအထိ မြန်မာနိုင်ငံသို့ စားအုန်းဆီတန်ချိန် ၈၈,၀၀၀ တင်သွင်းမည်ဖြစ်သည်။ ထို့အပြင် အရန်ဆီအဖြစ် မြန်မာနိုင်ငံတွင် စားအုန်းဆီ သိုလှောင်နိုင်သော တန်ချိန် ၇၇,၀၀၀ ကိုလည်း ဝယ်ယူထားရှိရန်စီစဉ်ထားသည်ဟု၎င်းကဆိုသည်။ ထို့အပြင် COVID-19 ကြောင့် ပြည်တွင်းစားအုန်းဆီအခက်အခဲရှိပါက အစိုးရချင်းချိတ်ဆက် တင်သွင်းရန် ဆောင်ရွက်မည်ဟုပြောသည်။

**Source:** https://7day.news/detail?id=182048

## ပြောင်းစေ့တန်ချိန်တစ်သန်း ပြည်တွင်း၌အသုံးပြုနိုင်ရန် ညှိနှိုင်း



မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းနှင့် တိရစ္ဆာန်အစာစပ်စက်ရုံတို့က ပြောင်းစေ့များကို ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ညှိနှိုင်းနေခြင်းဖြစ်ပြီး ပြည်တွင်းရောင်းချပြီး ပိုလျှံသည့် ပြောင်းစေ့များကိုသာ ပြည်ပသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။ "လက်ရှိတော့ အစာစပ်စက်ရုံ ပိုင်ရှင်တွေနဲ့ ညှိနှိုင်းနေဆဲပါ။ တစ်ပတ်တစ်ခါ ရောင်းချမယ့် ပြောင်းစေ့တန်ချိန်ပမာဏကို ညှိနှိုင်းနေဆဲပါ။ သူတို့လိုချင်တာက တစ်နှစ်စာအတွက် တန်ချိန်တစ်သန်းပါ။ ပြောင်းစေ့ကို ပြည်တွင်းမှာပဲ ရောင်းရောင်း၊ ပြည်ပမှာပဲရောင်းရောင်း တောင်သူတွေရရှိတဲ့အကျိုးအမြတ်က အတူတူပါပဲ"ဟု ဦးမင်းခိုင်ကပြောသည်။

လက်ရှိတွင် တောင်သူများရရှိသည့် ပြောင်းစေ့တန်ဖိုးမှာ တစ်ပိဿာလျှင် ၃၇၅ ကျပ်မှ ၃၈၀ အထိရှိပြီး ဘုရင့်နောင်ကုန်စည်ဒိုင်၌ ပြောင်းစေ့တစ်ပိဿာလျှင် ၄၆၀ မှ ၄၇၅ ကျပ်အထိ ပေါက်ဈေးရှိနေသည်။ "မြန်မာနိုင်ငံက ပြောင်းကို ပြည်ပသို့ တင်ပို့ရောင်းချရာမှာ ပို့ဆောင်ရတာ အခက်အခဲဖြစ်နေပါတယ်။ သယ်ယူပို့ဆောင်စရိတ်က မြင့်တက်နေပါတယ်။ ကျွန်တော်တို့ အစာစပ်စက်ရုံတွေကလည်း ပြောင်းကိုလိုချင်နေတယ်။ အဲဒါကြောင့် ညှိနှိုင်းပြီး စာချုပ်နဲ့ရောင်းဝယ်ဖို့ စီစဉ်နေတာပါ။ တစ်ပတ်ကို တန်ချိန် ၁၀၀၀ တောင်သူတွေဆီကဝယ်ပြီး အစာစပ်စက်ရုံတွေမှာပြန်သုံးဖို့ပါ"ဟု မြန်မာနိုင်ငံ ငါးပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာသက်မှူးကပြောသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပြောင်းတန်ချိန် သုံးသန်းကျော်ထွက်ရှိပြီး ပြီးခဲ့သည့်နှစ်က ပြည်တွင်း၌ အသုံးပြုခဲ့သည့် ပြောင်းတန်ချိန်မှာ တစ်သန်းခွဲရှိကြောင်း ဦးမင်းခိုင်ကပြောသည်။ ပိုလျှံသည့် ပြောင်းစေ့တန်ချိန် ၁ ဒသမ ၂ သန်းကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန် ရည်မှန်းထားပြီး ယခုနှစ်အတွင်း ပြည်ပသို့ တန်ချိန် စုစုပေါင်း ၁ ဒသမ ၅ သန်းတင်ပို့ ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း ၎င်းကပြောသည်။ ပြောင်းစေ့တန်ချိန် ၃၀ ဝန်းကျင် သယ်ဆောင်ထားသည့် ကားစီးရေ ၃၀၀ ခန့်ဖြင့် မြဝတီနယ်စပ်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ နေ့စဉ်တင်ပို့ရောင်းချ နေကြောင်း ဦးမင်းခိုင်ကပြောသည်။ လက်ရှိတွင် ထိုင်းနိုင်ငံက မြန်မာ နိုင်ငံ၏ ပြောင်းစေ့တင်သွင်းမှုကို တစ်နှစ်လျှင် ခုနစ်လ အခွန်ကင်းလွတ် ခွင့်ပြုပြီး ကျန်ငါးလတွင် ပြောင်းတင်သွင်းမှုအပေါ် အခွန် ၇၃ ရာခိုင်နှုန်း ကောက်ခံကြောင်း၊ တစ်နှစ်လျှင် တင်သွင်းရမည့်ပြောင်းစေ့တန်ချိန် တန် ၃၀၀၀ အထိသာ သတ်မှတ်ထား ကြောင်း ဒေါက်တာသက်မှူးက ပြော သည်။

**Source:** https://myanmar.mmtimes.com/news/137075.html

## ဘုရင့်နောင်ကုန်စည်ပွဲရုံ၌ အခြေခံစားသောက်ကုန်များ ဝယ်လိုအားကောင်း၊ ကားအဝင်အထွက် သုံးဆခန့်မြင့်တက်

COVID-19 ဂယက် ဘုရင့်နောင်ကုန်စည်ပွဲရုံ၌ အခြေခံစားသောက်ကုန်များ ဝယ်လိုအားကောင်းပြီး ကားအဝင်အထွက် သုံးဆခန့်မြင့်တက်လာကြောင်း အဆိုပါကုန်စည်ဒိုင်များမှ မတ် ၁၉ ရက်က သိရသည်။ "ဒီရက်ပိုင်းမှာတော့ COVID-19 ဂယက်ကြောင့် အဝင်အထွက်တွေ ပိုများသွားတယ်။. အဓိက ကတော့ အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ကြက်သွန်နီ ၊ ဖြူ ၊ ငရုတ် ၊အာလူး ၊ ဆန် ၊ဆီ ၊ ဆား ၊ တွေ ဝယ်လိုအားများလာတယ်။ ဈေးနှုန်းအပြောင်းအလဲ အနေနဲ့ကတော့ စားအုန်းဆီဈေးတော့ နည်းနည်း ပြောင်းမယ်ထင်တယ်။ ကျန်တာကတော့ သိပ် အပြောင်းအလဲမရှိဘူး။ ရောင်းဝယ်မှုလုပ်ငန်းကတော့ ပိုပြီးတော့ ဝယ်လိုအား များလာတယ်။ ဈေးနှုန်းအနေနဲ့ကတော့ တခြား ကုန်ပစ္စည်းမှာ အပြောင်းအလဲတအားကြီးမရှိဘူး" ဟု OK ဆန်ပွဲရုံပိုင်ရှင်ဦးဝင်းနိုင်က မြန်မာတိုင်းမ်သို့ပြောသည်။

COVID-19 နှင့် ပတ်သက်သည့် ကောလာဟလများကြောင့် စီးတီးမတ်များ၌လည်း စားသောက်ကုန်ပစ္စည်းများ အလုအယက် ဝယ်ယူမှုများဖြစ်ပေါ်ခဲ့သလို ဆေးဝါးများကိုလည်း ပစ္စည်းများပြတ်လတ်သည် အထိဝယ်ယူမှုများ ဖြစ်ပေါ်ခဲ့သည်။ "လက်ရှိမှာ ကားအဝင်အထွက်က အရင်ထက်စာရင် ၃ ဆလောက်များလာတယ်။ ဒီ မတ်လ ၁၁ ရက် နောက်ပိုင်းလောက်ကနေ စပြီးတော့ ကားတွေအဝင်အထွက် များလာတယ်။ ကားအဝင်အထွက်က ထောင်နဲ့ချီပြီးတော့ ဝင်ထွက်လာတယ်။ ခါတိုင်းထက်ကို ၃ ဆလောက်ပို များလာတယ်။ အဓိကကတော့ အခြေခံစားသောက်ကုန် ဝယ်လိုအားများလာတယ်" ဟု ဦးဝင်းနိုင်က ပြောသည်။

ဘုရင့်နောင်ရှိ ဆန်ဒိုင်များတွင်လည်း ဒေါ်လာဈေးပြန်တက်လာသည့်အတွက် ဆန်ဈေးပြန်တက်လာပြီး ဆန်တစ်အိတ်လျှင် ပေါက်ဈေးထက် ကျပ် ၅၀၀ ခန့် တက်လာကြောင်း ဆန်ဒိုင်များက ဆန်ဈေးနှုန်းကို ထိန်းညှိ ရောင်းချပေးလျက်ရှိသည်။
" မီးဖိုချောင်သုံးပစ္စည်းတွေ ဝယ်လိုအားကောင်းတယ်။ ဘုရင့်နောင်မှာတော့ ကားတွေပိတ်နေတယ်။ နေ့တိုင်းကျပ်နေတယ်။ ကားတွေ ရှင်းနေရတယ်။ ဝယ်လိုအားတွေ များလာတဲ့ အတွက်ပါ။ အခြေခံစား သောက်ကုန်တွေရောင်း ကောင်းနေတယ်။ ပြီးခဲ့တဲ့ အပတ်က COVID_19 နဲ့ပတ်သက်တဲ့ ကောလာဟလတွေကြောင့် စီးတီးမတ်တွေမှာ ဝယ်ကြတာများတယ်။ အခုလည်း ဒီပယောဂပါရင်ပါမယ်။ ဘုရင့်နောင်ပွဲရုံတွေမှာ ဆန်ရောင်းကောင်းတယ်။ ဒါပေမယ့် ဆန်ကိုဈေးနှုန်းတအားကြီး တက်ပြီးမရောင်းဘူး။ ဒီမှာရှိတဲ့ သူတွေက ပုံမှန်ပေါက်ဈေးကိုပဲ ထိန်းရောင်းကြတယ်။ ပြည်တွင်းစားသုံးတဲ့ ဆန်ကပေါပါတယ်" ဟု ဘုရင့်နောင်ဆန် ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

အဆိုပါဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝန်းမှာ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်တွင် တည်ရှိကာ ၇၅ ဒသမ ၆၄ ဧကကျယ်ဝန်းကာ ပွဲရုံပေါင်း ၁၃၀၀ ခန့်ရှိပြီး လက်ရှိတွင် ပွဲရုံ ၁၁၇၇ ရုံမှာ ကုန်စည်လုပ်ငန်းများ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/137048.html

## ကောက်ရိုးမှိုများ အမြင့်ဆုံးဈေးရရှိခဲ့သဖြင့် ထပ်မံစိုက်ပျိုးရန်ပြင်ဆင်နေ




ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာအချို့တွင် စိုက်ပျိုးထားသည့် ကောက်ရိုးမှိုများမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလက အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး မတ်လပထမပတ်က အမြင့်ဆုံးဈေးရရှိသဖြင့် ထပ်မံစိုက်ပျိုးရန်ပြင်ဆင်နေကြောင်း ဒေသတွင်းကောက်ရိုးမှိုစိုက်ပျိုးသူများထံမှသိရသည်။ "ဇွန်လ၊ ဇူလိုင်လတွေက စိုက်ခဲ့တဲ့ မှိုတွေကို ခူးဆွတ်ရောင်းလို့ အားလုံးနီးပါးကုန်သလောက်ဖြစ်နေပါပြီ။ မှိုကိုစိုက်တာ တစ်ခါမှ အခုဈေးလောက် မရောင်းရခဲ့ဘူး။ အခုနှစ်မှိုဈေးကအမြင့်ဆုံးဈေးပါပဲ။ အရင်နှစ်တွေက ကျပ်လေးထောင်၊ ကျပ်ငါးထောင်ပဲရတယ်။ ဒီနှစ် ဈေးလေးကလည်းကောင်းတော့ ထပ်စိုက်ဖို့လုပ်နေတာဖြစ်ပါတယ်။ မှိုတွေကိုတော့ မြို့မှာ အဝယ်ပွဲရုံရှိတယ်။ အဲမှာပဲရောင်းပါတယ်"ဟုကံစုလေးကျေးရွာမှ မှိုစိုက်သူ ဦးမင်းမင်းကပြောသည်။ ကောက်ရိုးမှိုများကို အိမ်စားသုံးမှုအပြင် ဟိုတယ်၊ စားသောက်ဆိုင်များက အဓိကဝယ်ယူကြပြီးယခင်နှစ်များက တစ်ပိဿာလျှင် ကျပ်လေးထောင်၊ ကျပ်ငါးထောင်အထိသာ အမြင့်ဆုံးရောင်းချခဲ့ရသော်လည်း ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း တစ်ပိဿာ ကျပ် ရှစ်ထောင်အထိရရှိနေကြောင်းသိရသည်။

"ဒီဘက်မှာထွက်တဲ့မှိုတွေကို စားသုံးသူတွေကလည်း အရမ်းကြိုက်ပါတယ်။ မှိုဈေးကလည်း အခုနှစ် အမြင့်ဆုံးဈေးနဲ့ တောက်လျှောက်အရောင်းအဝယ်ဖြစ်နေတော့ စိုက်ပျိုးသူတွေအဖို့ အခွင့်လမ်းတွေ ကောင်းပါတယ်။ ဒါကြောင့်လည်း လက်ရှိမှာ စိုက်ဖို့ပြင်ဆင်နေကြတာဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ ဝယ်ယူထားတဲ့ မှိုတွေကို ရန်ကုန်ကို အိတ်နဲ့ စနစ်တကျထုပ်ပိုးပြီး ပြန်တင်ပို့ရောင်းချပါတယ်။ လက်ရှိ မှိုဈေးကောင်းနေဆဲပါ"ဟု မော်လမြိုင်ကျွန်းမြို့ပေါ်မှ မှိုပွဲရုံပိုင်ရှင် ဦးဇော်ဝင်းကပြောသည်။ ကောက်ရိုးမှိုများကို သစ်တိုဆိပ်၊ ပုလွန်စာ၊အလယ်ရေကျော်၊ ကံစုလေး၊ တံခွန်တိုင်၊ ဝက်ကွင်း၊ ဖွတ်တစ်လွတ်၊ သရက်ချောင်း စသည့် ကျေးရွာများတွင် တစ်အိမ်ထောင်လျှင် တစ်ဧကမှ တစ်ဧကခွဲအထိ စိုက်ပျိုးကြကြောင်းသိရသည်။ ကောက်ရိုးမှိုစိုက်ပျိုးရန် မျိုးစေ့ကို ဒေသ အဝယ်ဒိုင်များဖြင့်ချိတ်ဆက်၍ ရန်ကုန်နှင့် တွံတေးဘက်တွင် ဝယ်ယူရပြီး ပေါင် ၁၀၀ စိုက်ပျိုးလျှင် မျိုးစေ့ဖိုး၊ အလုပ်သမားခ၊ အစာဖိုး၊ ဆေးဖိုးစုစုပေါင်း ကျပ် ၁၆၅၀၀၀ ခန့် ကုန်ကျကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

## COVID-19 ကပ်ရောဂါကြောင့် လူ ၂၅ သန်းအထိ အလုပ်လက်မဲ့ဖြစ်သွားနိုင်ကြောင်း ILO ခန့်မှန်း

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် အလုပ်လက်မဲ့ဦးရေ သိသိသာသာ မြင့်တက်လာလိမ့်မည်ဖြစ်ပြီး လူ ၂၅ သန်းအထိ အလုပ်လက်မဲ့ဖြစ်သွားနိုင်ခြေရှိကြောင်း၊ အလုပ်သမားများ၏ဝင်ငွေမှာလည်း သိသိသာသာလျော့ကျသွားလိမ့်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) က မတ် ၁၈ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ခန့်မှန်းထားသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးနှင့်လုပ်သားအကျပ်အတည်းကြီးထွားလာခြင်းနှင့် လုပ်သားဈေးကွက် အကျိုးဖြစ်ထွန်းမှုများကို ကြီးကြီးမားမားထိခိုက်နစ် နာစေနိုင်ကြောင်း အစီရင်ခံစာသစ်တွင် ILO အဖွဲ့က သတိပေးထားသည်။ ဗိုင်းရပ်စ်ဂယက်ထနေချိန်အတွင်း အလုပ်လက်မဲ့နှုန်း၊ ကြုံရာကျပန်းလုပ်ကိုင်ကြသည့် လုပ်သားဦးရေ

သိသိသာသာ မြင့်တက်လာမည့်အရေးကို တစ်ကမ္ဘာလုံးအနေဖြင့် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း၊ အစိုးရများ၏ ပူးပေါင်းဆောင်ရွက်မှုအဆင့် မည်မျှထိရှိမည်ဆိုသည့်အချက်နှင့် မည်သို့လျင်လျင်မြန်မြန်ဆောင်ရွက်မည်ဆိုသည့် အချက်ပေါ်မူတည်၍ အနာဂတ်ဖြစ်နိုင်ခြေကိုခန့်မှန်းပါက အကောင်းဆုံးရလဒ်ထွက်လာသည်ပင်လျှင် လူ ၅.၃ သန်းမှာ အကျပ်အတည်းကြောင့် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိလိမ့်ဦးမည်ဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အဆိုးရွားဆုံးရလဒ်ကိုခန့်မှန်းပါက ၂၀၁၉ ခုနှစ်တွင်ရှိခဲ့သော အလုပ်လက်မဲ့ဦးရေ ၁၈၈ သန်းအပြင် နောက်ထပ် အလုပ်လက်မဲ့ဦးရေ ၂၄.၇ သန်းထပ်တိုးလာလိမ့်မည်ဖြစ်ကြောင်း၊ ၂၀၀၈-၂၀၀၉ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ပွားချိန်က တစ်ကမ္ဘာ လုံးတွင် အလုပ်လက်မဲ့ဦးရေ ၂၂ သန်း မြင့် တက်လာခဲ့ကြောင်း ILO က အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးအပေါ်ရိုက်ခတ်လာသော အကျိုးဆက်များအဖြစ် အလုပ်ချိန်လျှော့ချခြင်း၊ လုပ်ခ လစာလျှော့ချခြင်းတို့ ဖြစ်ပွားနေစဉ်အတွင်း ကြုံရာကျပန်းအလုပ်လုပ်ကိုင်သော အလုပ်သမားအရေအတွက်မှာ အမြင့်ဆုံးသို့ ရောက် ရှိလာလိမ့်မည်ဟု ခန့်မှန်းရကြောင်း ILO က သတိပေးခဲ့သည်။

လူနှင့်ကုန်ပစ္စည်းများ ကူးလူး၊ ပို့ဆောင်မှုအပေါ်တင်းကျပ်သော ပိတ်ပင်ကန့်သတ်ချက်များချထားခြင်းကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ စီးပွားရေးအခြေအနေပြောင်းလဲမှုများ၏ သက်ရောက်မှုဒဏ်ကို လျှော့ပါးသက်သာစေရန် ရုံဖန်ရံခါ ဆောင်ရွက်ပေး ကြသည့် ကိုယ်ပိုင်လုပ်ငန်းများသည်လည်း လက်ရှိအချိန်တွင် ထိုသို့ စွမ်းဆောင်နိုင်တော့မည်မဟုတ်ပေ။ အလုပ်နေရာ လျှော့ချခြင်းများသည် အလုပ်သမားများအတွက် ဝင်ငွေပမာဏအများအပြားဆုံးရှုံးနေခြင်းကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး အလုပ်သမားများ၏ ဝင်ငွေ ဆုံးရှုံးမှုတန်ဖိုးသည် ၂၀၂၀ နှစ်ကုန်တွင် ဒေါ်လာ ၈၆၀ ဘီလျံနှင့် ဒေါ်လာ ၃.၄ ထရီလျံ အကြားထိ ရှိလာလိမ့်မည်ဟု ILO ၏အစီ ရင်ခံစာတွင် ခန့်မှန်းထားသည်။ အလုပ်သမားများ၏ဝင်ငွေဆုံးရှုံးမှုသည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအား သုံးစွဲမှုနှုန်း လျော့ကျစေခြင်း၊ ကုန်သွယ်ရေး နှင့်စီးပွားရေးလုပ်ငန်းများအတွက် အလားအလာမကောင်း ဖြစ်စေခြင်းသို့ ဦးတည်စေ နိုင်ကြောင်း သတိပေးထားသည်။

**Source:: AFP**

https://news-eleven.com/article/165162

## တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားများ ပုံမှန်ပြန်လည်တင်ပို့နိုင်ပြီ

ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့တွင် ဖရဲသခွားတင်ပို့မှုကို ရပ်နားထားခဲ့ရာမှ မတ်လ ၁၅ ရက်မှ စတင်ကာပုံမှန်ပြန်လည်တင်ပို့နိုင်ပြီဖြစ်ကြောင်းမြန်မာနိုင်ငံဖရဲသခွားမွေးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုကိုးကားက ယနေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြသည်။ လက်ရှိတွင် တစ်ရက်ကားစီးရေ ၄၀၀ ခန့် ပြန်လည်တင်ပို့နိုင်ပြီဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် ဈေးကွက်သတင်းအခြေအနေများအား သေချာလေ့လာကာ တင်ပို့မှုဆောင်ရွက်ရန်လည်း အဆိုပါ အသင်းဥက္ကဋ္ဌက တိုက်တွန်းထားသည်။ ယခင်က မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ တစ်နေ့လျှင် ဖရဲကားစီးရေ ၇၀၀ ခန့် တင်ပို့နိုင်ခဲ့သော်လည်း ဗိုင်းရပ်စ် ဖြစ်ပွားသည့်အချိန်မှ စတင်ကာ တစ်နေ့လျှင် ကားစီးရေ ၅၀ ခန့်သာ တင်ပို့နိုင်ခဲ့သဖြင့် ဖရဲ၊ သခွားများ ပုပ်ခြင်း၊ ဈေးကောင်းမရခြင်း တို့ကို ရင်ဆိုင်ခဲ့ရပြီး စိုက်ပျိုးသူ တောင်သူများနှင့် လုပ်ငန်းရှင်များ အထိနာခဲ့ရသည်။ ကိုရိုနာဗိုင်းရပ်ကြောင့် သစ်သီးဝလံတင်ပို့မှုနှင့် ရေထွက်ကုန်တင်ပို့မှုမှာ ထိခိုက်မှုအများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

မြန်မာနိုင်ငံတွင် ဖရဲစိုက်ဧကတစ်သိန်းနှင့် သခွားမွေးစိုက်ဧက သုံးသောင်းခွဲခန့်ရှိပြီးထွက်ရှိလာသည်များကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ကာ ဟောင်ကောင်နှင့် စင်ကာပူတို့သို့လည်း တင်ပို့ကြောင်းသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အစပိုင်းမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလဆန်းပိုင်းအထိ ဖရဲတန်ချိန် ၃၂၀၀၀၀ ကျော်နှင့် သခွားမွေးတန်ချိန် ၃၆၀၀၀ ကျော် တင်ပို့ထား ကြောင်းလည်း ကြေးမုံတွင်ဖော်ပြထားသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ရန်ကုန်ဆိပ်ကမ်းသို့ ပြည်ပမှကုန်သေတ္တာတင်သင်္ဘောများ ပုံမှန်ဆိုက်ကပ်နေဟုဆို




အစိုးရကိုင်တွယ်နေသည့် ရန်ကုန်ဆိပ်ကမ်းများသို့ ပြည်ပမှ ကုန်သေတ္တာတင်သင်္ဘောများ ပုံမှန်ဝင်ရောက်ဆိုက်ကပ်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှသိရသည်။ "လက်ရှိသင်္ဘောတွေ ပုံမှန်အတိုင်း ဝင်ရောက်နေတယ်။ ကုန်တင်ကုန်ချလုပ်ငန်းတွေ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိတယ်ပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဗိုလ်ကြီးဇော်ထွန်းလွင်က မြန်မာတိုင်းမ်သို့ပြောသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှဖေဖော်ဝါရီအထိ ရန်ကုန်ဆိပ်ကမ်းများသို့ ကုန်သေတ္တာသင်္ဘော ၁၆၅ စင်းသာ ဝင်ရောက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီအထိ ကုန်သေတ္တာသင်္ဘော ၁၇၂ စင်းဝင် ရောက်နိုင်ခဲ့သည်ဟု ၎င်းကပြောသည်။

နိုင်ငံတကာကုန်တင်သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်ရာတွင် နိုင်ငံတကာရေကြောင်း ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ရေကြောင်းကျန်းမာရေးဖောင်(ပုံစံ)အား ၇၂ နာရီ ကြိုတင်ဖြည့်ပြီးမှသာ ဝင်ရောက်ခွင့်ပြုကြောင်း သိရသည်။ "သင်္ဘောတစ်စင်းက ရန်ကုန်ဆိပ်ကမ်းကိုကပ်မယ်ဆိုရင် နိုင်ငံတကာရေကြောင်းကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ ရေကြောင်းကျန်းမာရေး ဖောင်(ပုံစံ)ကို သင်္ဘောမရောက်မီ ၇၂ နာရီကြိုပြီး အီးမေးလ်နဲ့ပို့ရတယ်။ ပို့လိုက်တဲ့ဖောင်ကို သူတို့ဘက်က ဖြည့်ရတယ်။ ဖြည့်ပြီးတာနဲ့ဒီကို ပြန်ပို့ပေးရတယ်။ သင်္ဘောသားက ဖျားနေတယ်ဆိုရင် သင်္ဘောမဝင်ရသေးဘူး။ ခဏရပ်ခိုင်းထားသေးတယ်။ သင်္ဘောပေါ်ကို ကျန်းမာရေးအဖွဲ့တွေစစ်ဆေးပြီး ခွင့်ပြုချက်ရမှ သင်္ဘောက ကုန်တင်ကုန်ချ လုပ်ရတာ"ဟု ၎င်းကပြောသည်။ ရန်ကုန်ဆိပ်ကမ်းသို့ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်စသည့် နိုင်ငံများမှ ကုန်တင်သင်္ဘောများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/137106.html

## နယ်စပ်ဂိတ်များမှ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခွင့်ယာယီပိတ်




COVID-19 ကာကွယ်ရေး နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ဝင်ခွင့်ဗီဇာဖြင့် နိုင်ငံခြားသားများ ဝင်ရောက်ခွင့်ကို မတ်လ ၁၉ ရက်က စတင်ကာ ယာယီပိတ်ပင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ပြည်ပမှကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေး မည်သည့်နိုင်ငံခြားသားမဆို မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေး ဂိတ်များမှတစ်ဆင့် ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခွင့်ကို မတ်လ ၁၉ ရက်ကစ၍ ယာယီပိတ်ပင်တားမြစ်သည် ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် နှစ်ဖက်ဒေသခံပြည်သူများက နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ် (Border Pass) ဖြင့် ဝင်ရောက်ခွင့်ကို ပိတ်ပင်ခြင်းမရှိဘဲ ဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေး စိစစ်ခြင်းများကိုသာ တင်းကြပ်စွာ ဆောင်ရွက်မည်ဟု ထုတ်ပြန်ချက်တွင်ဆိုသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာရရှိထားသည့် နိုင်ငံခြားသားများ အနေဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှသာ တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဝင်ရောက်ခွင့်၊ ထွက်ခွာခွင့်ပြုမည်ဟု ထုတ်ပြန်သည်။

ထို့ကြောင့် COVID-19 ကာကွယ်ရန် နိုင်ငံခြားသားများဝင်ရောက်မှုအများဆုံးဖြစ်သည့် မြဝတီနယ်စပ်ဂိတ် အပါအဝင် ကရင်ပြည်နယ် နယ်စပ်အားလုံးတွင်လည်း ဒေသခံများ နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့် ဝင်ရောက်ခြင်းမှလွဲ၍ နိုင်ငံခြား

သားများ ဖြတ်သန်းခွင့်ကို ပိတ်ပင်ပြီဟု ကရင်ပြည်နယ် လဝကဝန်ကြီး ဦးမင်းကိုခိုင်ကပြောသည်။ “ဒီနေ့ကစတာ ဟုတ်ပါတယ်။ ယာယီဝင်ခွင့်ပိတ်ထားပါတယ်။ သတ်မှတ်ကာလမရှိသေး ဘူး။ အခြေအနေအရပါပဲ။ နယ်စပ်ဂိတ်အားလုံးပဲ”ဟု ဝန်ကြီး ဦးမင်းကိုခိုင်က ပြောသည်။

လက်ရှိတွင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ပြန်လာမှုအများအပြားရှိပြီး ၎င်းတို့ကိုလည်းစစ်ဆေးပြီး ကိုယ်ရေးအချက်အလက်အသေးစိတ်ကို ကောက်ယူထားသည်။ ထို့အပြင် သံသယလူနာ၊ စောင့်ကြည့်လူနာများတွေ့ရှိပါက သီးခြားထားပြီး ကုသနိုင်ရန်နေရာများကိုလည်း ကရင်ပြည်နယ်အစိုးရအဖွဲ့က ပြင်ဆင်ထားသည်။ ထို့အပြင် ကရင်ပြည်နယ်နယ်ခြားစောင့်တပ် (BGF) များ ထိန်းချုပ်မှုအောက်တွင်ရှိသည့် နယ်စပ်ဝင်ထွက် ပေါက်များအားလုံးကို မတ်လ ၁၉ ရက်ကစတင်ပိတ်သိမ်းလိုက်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် ချစ်ကြည်ရေးတံတားပေါ်မှတစ်ဆင့် သွားလာနိုင်ကြောင်း ကရင်ပြည်နယ်နယ်ခြားစောင့်တပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးနိုင်မောင်ဇော်ကပြောသည်။ “နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့အချိန်ဖြစ်တယ်။ အရမ်းဖွံ့ဖြိုးတဲ့နိုင်ငံတောင်မှ မနိုင်မနင်းဖြေရှင်းနေရတာလေ။ ကျွန်တော်တို့နိုင်ငံထဲကို ဒါရောက်မလာဖို့ တစ်ထောင့်တစ်နေရာကနေ ဝိုင်းတားတဲ့သဘောပါ” ဟု ၎င်းကပြောသည်။

**Source:** https://7day.news/detail?id=182049

## ပြည်တွင်းစက်သုံးဆီဈေး တစ်လအတွင်း ၄၀ ရာခိုင်နှုန်းကျ




ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းဆက်တိုက်ကျဆင်းကာ ဖေဖော်ဝါရီ ၁၉ ရက်မှ မတ်လ ၁၉ ရက်အထိ တစ်လအတွင်း ၄၀ ရာခိုင်နှုန်းကျဆင်းသည်။ ရန်ကုန်အထိုင်စက်သုံးဆီ အရောင်းဆိုင်အချို့တွင် ယမန် နေ့က အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၄၆၀၊ အောက် တိန်း-95 တစ်လီတာလျှင် ကျပ် ၅၉၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၅၅၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ကျပ် ၅၆၀ နှုန်းဖြင့် ရောင်းချသည်။ ယင်းဈေးနှုန်းသည် စက်သုံးဆီအရောင်းဆိုင်အချို့၏ ယမန် နေ့အတွက် အနိမ့်ဆုံးရောင်းချသည့်ဈေးနှုန်းဖြစ်ပြီး အချို့အ ရောင်းဆိုင်များမှာ ယင်းဈေးနှုန်းထက် တစ်လီတာလျှင် ကျပ် ၅၀ ခန့်ပိုများသည်။ အဆိုပါဈေးနှုန်း သည် ပြည်တွင်းစက်သုံးဆီဈေး ကွက် သမိုင်းတစ်လျှောက် အနိမ့်ဆုံးစံချိန်ဖြစ်သည်။ “ဆီတစ်လီတာနဲ့ ရေသန့်တစ်လီတာက ဈေးတူနီးပါးဖြစ် လာတာ စက်သုံးဆီဈေးကွက်အတွက် ရှားရှားပါးပါး အခြေအနေပဲ။ မနက်ဖြန်ဘာဆက်ဖြစ်မယ် ဘယ်သူမှကြိုမမှန်းနိုင်၊ မမှန်းရဲတဲ့ အခြေအနေဖြစ်နေတယ်” ဟု စက်သုံးဆီ ရောင်းဝယ်ရေးဈေး ကွက်ကျွမ်းကျင်သူဦးကျော်စိုးကပြောသည်။

ပြည်တွင်း စက်သုံးဆီဈေး နှုန်းကျဆင်းရခြင်းသည် ကမ္ဘာ့ရေနံစိမ်းဈေးကျဆင်းမှု၊ နိုင်ငံခြား ငွေလဲနှုန်း ကျဆင်းမှုနှင့် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် COVID -19 ရောဂါ ရိုက်ခတ်မှုကြောင့်ဖြစ်၍ အချိန်တိုအတွင်း ဈေးပြန် တက်ရန်မမြင်ကြောင်း ယင်းဈေး ကွက်လေ့လာသူအချို့ကဆိုသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် ယမန်နေ့က တစ်စည်လျှင် ၂၅ ဒေါ်လာခန့်သို့ ရောက်ရှိပြီး တစ်လအတွင်း တစ်စည်လျှင် ဒေါ်လာ ၂၀ ကျော် ကျဆင်းခဲ့သည်။ “ဈေးကျစေမယ့် အကြောင်းအရာတွေက စုပြုံပြီးဖြစ်သွားတော့ ဒီရိုက်ခတ်မှုက အချိန်ကာလတစ်ခုအထိတော့ ကြာနိုင်ဦးမယ်လို့ ယူဆတယ်” ဟု စက်သုံးဆီဈေးကွက် လေ့လာသူ ကိုကျော်ဇေယာန်ကပြောသည်။ ထိုသို့ စက်သုံးဆီဈေးနှုန်း နေ့စဉ်နီးပါးကျဆင်းနေခြင်းကြောင့် ပြည်ပမှ တင်သွင်းရောင်းချသူများ ငွေကြေးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရသည်ဟု စက်သုံးဆီ ရောင်းဝယ်ရေးလုပ်ငန်းရှင်အချို့ကဆိုသည်။

**Source:** https://7day.news/detail?id=182023

## နှမ်းနှမ်းစိုက်တောင်သူများ မျိုးနှမ်း(စမုန်နက်)တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးနေရဟုဆို



မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးချိန်ကာလ၌ နွေနှမ်းစိုက်တောင်သူများ မျိုးနှမ်း(စမုန်နက်)တစ်တင်းလျှင် ကျပ် ၉၅,၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးနေ ရကြောင်း နွေနှမ်းစိုက်တောင်သူများထံမှ သိရသည်။ ယခုလက်ရှိ နှမ်းနက်(စမုန်နက်)မျိုးမှာ တစ်တင်းလျှင် ကျပ် ၇၀,၀၀၀ ဝန်းကျင်သာရှိပြီး မျိုးနှမ်း(စမုန်နက်) မှာ တစ်တင်းလျှင် ကျပ် ၉၅,၀၀၀ ရှိကြောင်းသိရသည်။ "ကျွန်တော်တို့ဒေသက မဲဇလီဆည် ရေရရှိတာမို့ တစ်နှစ်ကို သုံးသီးစိုက်ပျိုးကာ နွေရာသီမှာ နွေနှမ်းကို အဓိကထား စိုက်ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့တောင်သူတွေ ကြုံတွေ့ နေရတဲ့ဒုက္ခက သီးနှံစိုက်ပျိုးချိန်တွေဆို သီးနှံဈေးတွေ၊ မျိုးဈေးတွေကောင်းပြီး သီးနှံထွက်ရှိချိန်ဆိုရင် သီးနှံဈေးတွေ၊ မျိုးဈေးတွေ ပြုတ်ကျကုန်တာပါပဲ။ ကျွန်တော်တို့တောင်သူအနေနဲ့ သီးနှံဈေးနှုန်းတွေ ခိုင်မာစေချင်ပါတယ်။ သီးနှံဈေးခိုင်မာမှုရှိမှ တောင်သူတွေအကျိုးရှိမှာပါ။ အခုဆို မျိုးနှမ်းတစ်တင်းကို ကျပ် ၉၅,၀၀၀ မှ တစ်သိန်းအထိ ဈေးပေးဝယ်ပြီး စိုက်ရမှာဖြစ်ပါတယ်"ဟု မင်းဘူး(စကု) မြို့နယ် ကျောက်ခံကျေးရွာနေ နွေနှမ်းစိုက်တောင်သူ ဦးကျော်လင်းက ပြောသည်။

ယခုနှစ် နွေရာသီကာလတွင် မင်းဘူး(စကု) မြို့နယ်အတွင်း နွေနှမ်းသီးနှံကို စိုက်ဧက ၂၆၀၀ ကျော်စိုက်ပျိုး မည်ဖြစ်ကာ နွေနှမ်းစိုက်တောင်သူများကို ရေလိုအပ်ချက်နည်းပြီး ရက်တိုတိုနဲ့ အထွက်နှုန်းကောင်းမျိုးတွေဖြစ်တဲ့ ၂/၂၀၁၄၊ ဆင်းရတနာတိုး၊ စမုန်နက် (နှမ်းနက်) စတဲ့မျိုးတွေကို စိုက်ပျိုးရန် အသိပညာပေးပြီး မကွေးမြို့ရှိ ဗဟိုနှမ်းသုတေသနဌာနက မျိုးတွေမှာယူကာ ဖြန့်ဝေပေးခဲ့ပါကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ "ကျွန်တော်က ပြီးခဲ့တဲ့မိုးကာလမှာ မျိုးနှမ်းအတွက် ၁၈ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကကို ၁၀ တင်းနှုန်းထွက်ရှိခဲ့လို့ မျိုးနှမ်း ၁၈၀ ကျော်ထွက်ရှိခဲ့ပါတယ်။ ထွက်ရှိတဲ့မျိုးတွေကို မကွေးမြို့က သန့်စင်စက်တွေနဲ့သန့်စင်ပြီးမှ တောင်သူတွေကို ဖြန့်ဝေရောင်းချပေးခဲ့ပါတယ်။ ကျွန်တော်က စမုန်နက် (ရေဆင်း-၁၄) နှမ်းမျိုးဖြစ်ပြီး လက်ရှိမျိုးတစ်တင်းကို ကျပ် ၉၅,၀၀၀ ဈေးနဲ့ ရောင်းချပေးပါတယ်။ မျိုးနှမ်းတွေကို မင်းဘူး (စကု) မြို့နယ်ရှိ တောင်မန်းကွင်းနယ်တွေ၊ ပွင့်ဖြူမြို့နယ် ရှောက်တောကွင်းနယ်တွေက ကျေးရွာတွေအထိ ဖြန့်ချိရောင်းချပေးပါတယ်"ဟု မင်းဘူး(စကု)မြို့နယ် ဆင်ခေါင်းကျေးရွာနေ စမုန်နက်နှမ်းမျိုးဖြန့်ချိရောင်းချသူ ကိုလှမင်းဦးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/137096.html

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် အိန္ဒိယတွင် ပဲစားသုံးမှု ပိုများလာနိုင်

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သားငါးနှင့် ဥအမျိုးမျိုးကဲ့သို့သော မွေးမြူရေးထုတ်ကုန်များ စားသုံးမှုကို ရှောင်ကျဉ်လာသဖြင့် ပဲမျိုးမျိုး၏ ဝယ်လိုအားတိုးပွားလာနိုင်သည်ဟု ခန့်မှန်းနေကြသည်။လက်ရှိအတိုင်းသာ ဝယ်အားရှိပါက ရေရှည်တွင် ပဲစားသုံးမှု အခိုင်အမာတိုးတက်လာနိုင်သည်ဟု ပဲလုပ်ငန်းအသိုင်းအဝိုင်းကယူဆကြသည်။ “ပြီးခဲ့တဲ့ရက်ပိုင်း အတွင်း ဒေသတွင်းက ဈေးကွက်တွေမှာ ပဲမျိုးစုံကို အဝယ်သွက်လာတာ သတိထားမိပါတယ်” ဟု အိန္ဒိယ ပဲသီးနှံအသင်း IPGA ၏ ဥက္ကဋ္ဌဖြစ်သူ ဇာဗာချန်ဘာဒါက ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်အတွင်း အိန္ဒိယနိုင်ငံရှိ စားသုံးသူများသည် သက်သက်လွတ်သမားများအဖြစ်သို့ ကူးပြောင်းလာကြသဖြင့် ပဲဝယ်လိုအား အပြောင်းအလဲ ဖြစ်လာနိုင်သည်ဟု ခန့်မှန်းရသည်။“ရေရှည်မှာ အခုအတိုင်း ပဲဝယ်လိုအား ဆက်ကောင်းမလားဆိုတာကိုတော့ စောင့်ကြည့်ရပါဦးမယ်” ဟု IPGA အသင်း ဥက္ကဋ္ဌက ပြောဆိုသည်။လတ်တလော ပဲဈေးကွက်တွင်ဝယ်အားကောင်းနေကြောင်း၊ ပဲအမျိုးမျိုးကို ပြောင်းလဲ စားသုံးလာကြသူများ၏ စွဲစွဲမြဲမြဲစားသုံးမှုပေါ်မူတည်၍ ရေရှည်ပဲစားသုံးမှုကို ကြည့်ရမည်ဖြစ်ကြောင်း Pancham နိုင်ငံတကာလုပ်ငန်းမှ ဘီမယ်ကိုသရီက ပြောကြားသည်။အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ပဲခွဲစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဆူရတ်အဂါဝယ်လ်က ပဲမျိုးစုံ ဝယ်လိုအားသည် အနည်းဆုံး ၅ % မှ ၇ % ကြား တိုးလာမည်ဟု မျှော်လင့်ကြောင်းပြောဆိုသည်။ “တစ်ကမ္ဘာလုံး အတိုင်း အတာနဲ့ ပြည်ပဈေးကွက်တွေက ပဲလိုအပ်ချက်များဖြစ်လာခဲ့ရင် တင်ပို့နိုင်အောင်လို့ ကျွန်တော်တို့ ပဲခွဲသန့်စင်တဲ့လုပ်ငန်း

တွေက အသင့်ပြင်ထားပါတယ်" ဟု ၎င်းကဆက်လက်ပြောဆိုသည်။ပြီးခဲ့သော သီတင်းပတ်က အိန္ဒိယ၊ မွန်ဘိုင်းပဲဈေးကွက်တွင် ကျဈေးဖြစ်လာသော မြန်မာမတ်ပဲနှင့်ပဲစင်းငုံကို ကုန်သည်များက အဝယ်သွက်ခဲ့ကြသဖြင့် ဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်းတွေ့ရသည်။

**Ref: The Hindu Business Line, Commodities Control**

https://www.facebook.com/gromaxxmyanmar/posts/497045094322133?__tn__=K-R

## Thura News View

**Will coronavirus infect FDI?**

Despite a global economic downturn due to the ongoing coronavirus epidemic, Myanmar's foreign direct investment (FDI) has been on the rise. Recently, the Myanmar Investment Commission approved 25 new foreign investments totaling USD 90 million, bringing total approved FDI to USD 2.9 billion since October. One billion of that has been in the power sector, but manufacturing, agricultural exports, construction, tourism and other industries have seen foreign interest, especially from Asian nations and especially from China.

Meanwhile, however, the COVID-19 coronavirus pandemic looms over the global economy. Though Myanmar has (at the time of writing) yet to announce a confirmed case of the virus within its borders, the tourism industry has taken a hit and border trade, especially of agricultural products, has slowed. Nevertheless, the economic damage has not caused a significant drop in FDI yet.

But now, as the pandemic worsens, industry insiders are beginning to worry. MIC secretary U Thant Sin Lwin recently told the Myanmar Times that he fears a downturn in FDI, especially in the manufacturing sectors. Indeed, so far 10 garment factories have shut down due to the virus. "[T]housands of workers have been laid off as factories close or suspend operations, and the country faces the grim prospect of more big job losses," wrote Frontier magazine reporter Kyaw Lin Htoon.

Investors may be beginning to view Myanmar's business infrastructure as vulnerable to the pandemic, with visions of supply chains, factory floors and worker populations crippled by the new disease. But the potential risks go beyond Myanmar's borders. Investment projects in Myanmar usually require products from and supply chains in countries like China, Thailand and Singapore, many of which have imposed worker quarantines and restricted movement along key trade routes and border crossings. Cross-border trade does appear to be picking up, at least with China, which according to recent reports as upped its demand for rice and other agricultural products.

However, foreign investment does not depend on the reality of a nation's economy and infrastructure, but on the perceptions of those who would invest. We have already seen general anxiety about Myanmar's political stability (recently due to the Rakhine crisis and armed conflict in the west and northeast) ward away foreign investment, especially from the West. And at the moment, there are plenty of reasons the pandemic could make would-be investors nervous, whether or not those fears are justified.

**Banyan Tree partners with local hotel brand despite tourism slump**

International hospitality giant Banyan Tree Holdings is partnering with one of Myanmar's largest hotel brands to manage 17 of its properties.

Singapore-based Banyan Tree has announced a 50-50 joint venture agreement with Htoo Hospitality, a.k.a.

TIR

Myanmar Treasure Hotel & Resort Group. Htoo Hospitality is owned by U Tay Za, one of Myanmar's richest men, and its portfolio sports Aureum Palace Hotels & Resorts, Myanmar Treasure Resorts and other high-profile local brands. Under the agreement, Banyan Tree will manage 15 existing, and two forthcoming Htoo Hospitalities around the country. Banyan Tree will help the properties grow and thrive, and the company will develop further inroads into the Myanmar hospitality section, Banyan Tree said in a press release.

Although the ongoing COVID-19 pandemic has dealt a serious blow to global tourism, in the long term, Myanmar's tourism has been on the rise. Between January and September of 2019, more than 1.3 million foreign tourists entered Myanmar through its international airports, a 41 percent rise compared to the same period last year, according to the Ministry of Hotels and Tourism. The industry has answered this boom with a new wave of hotel and resort projects from both local and foreign investors. The relatively underdeveloped coasts of Tanintharyi Region and Rakhine State have been of particular interest to entrepreneurs, although new, high-profile projects are slated for Yangon, Inle Lake and Mandalay, which enjoyed a record-breaking tourism season.

**Source: Thura Swiss News (Issue 408 March 19, 2020)**

## STOCK EXCHANGE (20.3.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 10,500 | 11,500 | 10,500 | 1,663 | 18,580,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | +100 | +2.63% | 3,800 | 3,900 | 3,800 | 2,314 | 8,867,800 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 180 | 1,476,000 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 226 | 4,972,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 57 | 159,600 | 12,823,224 | 35,905 |


### Market summary

As of 20th Mar. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 466.80 | +11.98 | +2.63% | 444.92 | 466.80 | 444.92 | 4,440 | 34,055,900 | 5 | 639,199 |

**Index chart**



## Market Overview

As of 12:00 pm, 20th Mar. 2020

| MYANPIX | 455.48 ▲ 0.66 |
|---|---|
| Total Volume (shares) | 3,662 |
| Total Value (MMK) | 27 mil |
| Listed Company | 5 |
| Market Cap. (MMK) | 623,695 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |

TIR